ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စျ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ထ) အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း

(ဒ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

(နဝ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ပ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း

(ဖ) ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
ဝန်ကြီးရုံး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ်　　တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ "Welcome Russia" Program in Myanmar အစီအစဉ်၏ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) "Welcome Russia" Program in Myanmar အစီအစဉ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိစေရေးအတွက် ထိရောက်သော စေးကွက်မြှင့်တင်မှု အစီအစဉ်များကိုဆောင်ရွက်ရန်၊

(ဂ) ရုရှားခရီးသွားဧည့်သည်များလိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ခရီးစဉ်သွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်စသည်များကို သိရှိနိုင်စေရန်နှင့် ခရီးစဉ်များ ချောမွေ့စေရေး အထောက်အကူဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အစီအမံများ ညှိနှိုင်းချမှတ်ရေးဆောင်ရွက်ရန်၊

(င) ရုရှားခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးမည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများက ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းရေးနှင့် ဝန်ဆောင်မှုပေးအပ်နိုင်ရေးများကို ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ရုရှားခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ငွေကြေးသုံးစွဲမှု၊ လုံခြုံရေး စသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) "Welcome Russia" Program in Myanmar အစီအစဉ်တွင် ပါဝင်လိုသည့် ခရီးသွားကဏ္ဍဆိုင်ရာလုပ်ငန်းများအား ဦးဆောင်ကော်မတီ၏ စစ်ဆေးမှုဖြင့် အတည်ပြုလက်မှတ် Welcome Russia Quality Mark ထုတ်ပေးနိုင်ရေးဆောင်ရွက်ရန်၊

(ဇ) "Welcome Russia" Program in Myanmar အစီအစဉ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အသုံးစရိတ်များအား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(စျ) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖွဲ့စည်းဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဌေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

[ယခင်အပတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမိန့်ကြော်ငြာစာအမှတ် (၂၄၀/၂၀၂၃)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မှ အဆက်]

၄၀။ အေဂျင်စီတွင် တင်ပြခဲ့သော သက်သေခံချက်များမှအပ နှုတ်သက်သေခံချက်ကိုဖြစ်စေ၊ စာတမ်းအမှတ်အသား သက်သေခံချက်ကိုဖြစ်စေ ထပ်မံတင်သွင်းခွင့်မရှိစေရ။ သို့ရာတွင်–

(က) မူပိုင်ခွင့်တရားရုံးသည် အမိန့်ချမှတ်ရန်အတွက်ဖြစ်စေ၊ အခြားခိုင်လုံသည့်အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ စာမှတ်စာတမ်းတစ်ရပ်ရပ်ကို တင်ပြစေရန်သော်လည်းကောင်း၊ သက်သေတစ်ဦးဦးကို စစ်ဆေးရန်သော်လည်းကောင်း လိုအပ်လျှင် ယင်းသက်သေခံချက် သို့မဟုတ် စာမှတ်စာတမ်းကို တင်ပြခွင့်ပြုနိုင်သည် သို့မဟုတ် သက်သေကို စစ်ဆေးခွင့်ပြုနိုင်သည်။

(ခ) မူပိုင်ခွင့်တရားရုံးသည် သက်သေခံချက် ထပ်မံတင်ပြခွင့်ပြုသည့်အခါ အကြောင်းပြချက်ရေးမှတ်ထားရမည်။

အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးစီရင်ချက်၏ အကျိုးသက်ရောက်မှုနှင့် စည်းနှောင်မှု

၄၁။ မူပိုင်ခွင့်တရားရုံးသည် အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် လျှောက်ထားသူ၏ လျှောက်ထားမှုကို ပယ်ရမည်။ လျှောက်ထားသူ၏ လျှောက်ထားမှုကိုခွင့်ပြုလျှင် အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့် အမိန့်ဖြစ်စေ၊ အခြားသင့်သည်ထင်မြင်သည့် အမိန့်ကိုဖြစ်စေ ချမှတ်နိုင်သည်။

၄၂။ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို မူပိုင်ခွင့်တရားရုံးက ပယ်ဖျက်သည့်အမိန့်ချမှတ်ပါက မူပိုင်ခွင့်တရားရုံး၏ အမိန့်မိတ္တူကို မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသို့ ပေးပို့ရမည်။

အခန်း (၇)

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏
ဆိုင်းငံ့မိန့်အပေါ်မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခြင်း

၄၃။ မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၇၂ အရ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်ကို ပြန်လည်စိစစ်ပေးပါရန် လျှောက်ထားမှုများအား တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

၄၄။ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ်မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် မူပိုင်ခွင့်တရားရုံး၏ စီရင်ချက်သည် အကောက်ခွန်ဦးစီးဌာနအပေါ်တွင် စည်းနှောင်မှုရှိသဖြင့် လျှောက်ထားခံရသူအဖြစ် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ယင်းဆိုင်းငံ့မိန့်ကြောင့် အကျိုးရရှိသူတို့ ပါဝင်စေရမည်။

၄၅။ လျှောက်ထားလွှာနှင့်အတူ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့် ပူးတွဲပါရှိရမည်။ ထို့ပြင် လျှောက်ထားသူ (တင်သွင်းသူ) ၏ လျှောက်ထားမှုအား ထောက်ခံသည့် အခြားလိုအပ်သော စာမှတ်စာတမ်းများကိုလည်း တင်သွင်းနိုင်သည်။

၄၆။ (က) အဆိုပါ လျှောက်ထားမှုအတွက် မူပိုင်ခွင့်တရားရုံး၏ မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှု မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ (**မူပိုင်ခွင့်ပုံစံ–၅**) အမှုနံပါတ်အား တရားမအထွေထွေမှုအမှတ် – ... / ၂၀၂၃ (မူပိုင်ခွင့်) ဟု နံပါတ်တပ်ရမည်။

(ခ) ထို့နောက် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်ကြားနာရန် မသင့်ဟု ယူဆလျှင် လျှောက်ထားခံရသူများထံ ချက်ချင်းဆင့်စာချအပ်စေရန် လျှောက်ထားသူ အား ညွှန်ကြားရမည်။ [**မူပိုင်ခွင့်ပုံစံ–၆(က)**] လျှောက်ထားသူသည် မိမိစရိတ်ဖြင့် လျှောက်ထား ခံရသူအပေါ်ဆင့်စာချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ လျှောက်ထားလွှာနှင့် လျှောက်ထားလွှာ ကို ထောက်ခံသောကျမ်းကျိန်လွှာမိတ္တူများ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အမိန့်မိတ္တူ၊ အမှုတွဲ သို့မဟုတ် မှုခင်းမှတ်တမ်းမိတ္တူတို့ကို လျှောက်ထားခံရသူထံ ပူးတွဲပေးပို့ရမည်။

(ဂ) လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခံရသူများ အပေါ်အမိန့်ဆင့်စာချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ၎င်း၏လျှောက်ထားမှုအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့် နေ့ရက်သို့ ချိန်းဆိုသတ်မှတ်နိုင်သည်။ ထိုသို့ချိန်းဆိုသတ်မှတ်သည့်နေ့ရက် တွင် လျှောက်ထားသူက ထပ်မံပျက်ကွက်လျှင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုကို ပယ်ရမည်။

(ဃ) လျှောက်ထားခံရသူ (များ) သည် ကြားနာရန် နေ့ရက်မတိုင်မီ မူပိုင်ခွင့်တရားရုံးသို့ ပြန်ကြားလွှာ (၂) စုံ တင်သွင်းရမည်။ [**မူပိုင်ခွင့်ပုံစံ–၇(က)**] ပြန်ကြားလွှာပါအချက်များအား မိမိသိရှိသမျှ မှန်ကန်သည်ဟု ယုံကြည်ကြောင်းကို လျှောက်ထားခံရသူ (များ) က ကျမ်းကျိန် လွှာနှင့် တစ်ပါတည်း တင်ပြရမည်။ ယင်းပြန်ကြားလွှာနှင့်အတူ မိမိဘက်မှ တင်ပြလိုသော စာမှတ်စာတမ်းများအပြင် သက်သေခံ အထောက်အထားများကို တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူ (များ) သည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း ပြန်ကြားလွှာ တင်သွင်းရန် ပျက်ကွက်ပါက ပျက်ကွက်သူနှင့်စပ်လျဉ်း၍ ခုခံချေပခြင်း မပြုသကဲ့သို့ သတ်မှတ်ဆောင်ရွက်နိုင်သည်။ ပြန်ကြားလွှာကို မူပိုင်ခွင့်တရားရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည် သို့မဟုတ် အခြားပြန်ကြားလွှာ တစ်ခုခုဖြင့် အစားထိုးတင်သွင်းနိုင်သည်။

၄၇။ မူပိုင်ခွင့်တရားရုံးက ညွှန်ကြားလျှင် အကောက်ခွန်ဦးစီးဌာနသည် လိုအပ်သည့် စာမှတ်စာတမ်း သက်သေခံအထောက်အထားများအား မူပိုင်ခွင့်တရားရုံးသို့ တင်ပြရန်တာဝန်ရှိသည်။

၄၈။ ဥပဒေပုဒ်မ ၇၂ အရ မူပိုင်ခွင့်တရားရုံးသည် ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အား ပြန်လည် စိစစ်ပေးရန် အခွင့်အရေးတောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းဆိုင်းငံ့မိန့်အပေါ်ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၄၉။ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အား မူပိုင်ခွင့်တရားရုံးက ပယ်ဖျက်သည့် အမိန့်ချမှတ်လျှင် မူပိုင်ခွင့်တရားရုံး၏ အမိန့်မိတ္တူကို အကောက်ခွန်ဦးစီးဌာနသို့ ပေးပို့ရမည်။

အခန်း (၈)

သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်း

၅၀။ မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ စွဲဆိုတင်ပို့လာလျှင် လိုအပ်ပါက အမှုနှင့်သက်ဆိုင်သည့်သက်သေခံပစ္စည်းများအား ရုံးရှေ့တင်ပို့ရန်ညွှန်ကြားနိုင်သည်။ အကယ်၍သက်သေခံပစ္စည်းမှာပမာဏများပြား၍သော်လည်းကောင်း၊

ထုထည်ကြီးမား၍သော်လည်းကောင်း ရုံးရှေ့တင်ပို့ရန် ခက်ခဲသည့်အနေအထားဖြစ်ပါက လျှောနည်း ပျက်စီးလေလွင့်မှုမရှိအောင် သင့်လျော်သည့်နေရာတွင် ထိန်းသိမ်းထားရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် သင့်သည်ထင်မြင်သော အမှုသည်တစ်ဦး သို့မဟုတ် အမှုသည်အများကို ညွှန်ကြားနိုင်သည်။

၅၁။ တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ အမှုသည်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အမှုသည်များအား အမှုအတွင်း သက်သေခံပစ္စည်းထိန်းသိမ်းထားရှိစေရန် ညွှန်ကြားသည့်အမိန့်ချမှတ်ပါက ယင်းအမှုသည်အား အဆိုပါသက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ခံဝန်ချုပ် ချုပ်ဆိုတင်ပြရန် ညွှန်ကြားနိုင်သည်။ **(မူပိုင်ခွင့်ပုံစံ–၈)**

၅၂။ ရာဇဝတ်မှုများ၌ သက်သေခံ ကိရိယာတန်ဆာပလာများအပါအဝင် ကုန်ပစ္စည်းအား ဥပဒေပုဒ်မ ၉၇ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ပိုင်ရှင် သို့မဟုတ် ရပိုင်ခွင့်ရှိသူသို့ ပြန်ပေးခြင်း သို့မဟုတ် တည်ဆဲဥပဒေနှင့်အညီ အခြားသင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

အခန်း (၉)

မူပိုင်ခွင့်တရားရုံးက ချမှတ်သော ဒီကရီနှင့် အမိန့်များအပေါ် အတည်ပြုဆောင်ရွက်ခြင်း

၅၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံးက ချမှတ်သော ဒီကရီနှင့် အမိန့်များကို အတည်ပြုဆောင်ရွက်သည့် တရားရုံးသည် တရားမကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံးက ချမှတ်သော ဒီကရီနှင့် အမိန့်များကို အတည်ပြုဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆက်စပ်ဌာနအဖွဲ့အစည်းများသည် တရားရုံးက ညွှန်ကြားသည့် အတိုင်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်။

အခန်း (၁၀)

အထွေထွေ

၅၅။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းများကို အရေးယူဆောင်ရွက်ရာ၌ ဤလုပ်ထုံးလုပ်နည်းများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စရပ်များအတွက် ဥပဒေပုဒ်မ ၈၆ နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။ ဤလုပ်ထုံးလုပ်နည်းများတွင် သီးခြား ဖော်ပြထားခြင်းမရှိသော ကိစ္စရပ်များအတွက် တရားမမှုသေပုံစံများနှင့် ရာဇဝတ်မှုသေပုံစံများကို သင့်လျော်သလို ပြုပြင်သုံးစွဲနိုင်သည်။

၅၆။ ဤလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၂၃ အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်) မှစ၍ ကျင့်သုံးရမည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

မူပိုင်ခွင့်ပုံစံ ၁

တားမြစ်မိန့်

(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၁)

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ ..... မှုအမှတ် .....

နှင့်

တရားလို/လျှောက်ထားသူ　　**တရားပြိုင်/လျှောက်ထားခံရသူ**

..... တရားရုံး၊ ဘိလစ် သိစေရမည်။

အောက်ခ္ခဖော်ပြထားသည့် ပစ္စည်းတို့ကို နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးရန်/ကုန်သွယ်လမ်းကြောင်း ဈေးကွက်မှဖယ်ရှားရန်/ဖျက်ဆီးရန်/..... ဆောင်ရွက်စေရန် အတည်ပြု ဆောင်ရွက်ရမည်။

ရုံးတံဆိပ်

တရားသူကြီး

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်။

ပစ္စည်းစာရင်း

မူပိုင်ခွင့်ပုံစံ ၂

ယာယီအရေးယူဆောင်ရွက်သည့်အမိန့် မချမှတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ　　**လျှောက်ထားခံရသူ**

..... သိစေရမည်။

ဤရုံးတော်သို့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (က) အရ .... ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀ ..... ခုနှစ်၊ ..... လ ..... ရက် (၁၃ ..... ခုနှစ်၊ ..... လ ..... ရက်) နေ့ မွန်းမတည့်မီ .....

နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်

ငွေ ..... ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၃

ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် ချုပ်ဆိုသည့် ခံဝန်ချုပ်

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

..... ၏ သား/သမီးဖြစ်သူ ..... ရပ်နေ လျှောက်ထားသူ ..... က တရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ဖြစ်စေ၊ တရားသူကြီးတာဝန် ပေးအပ်သူသို့ဖြစ်စေ ငွေကျပ် ..... ကို ပေးဆောင်ရန် ထိုတရားသူကြီးထံသို့ ခံဝန်သူတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏ အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွ သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ လျှောက်ထားသူက ၎င်းအမှုတွင် ယာယီအရေးယူဆောင်ရွက်ပေးရန် အမိန့်ရလိုကြောင်း လျှောက်ထားပြီးဖြစ်သဖြင့် ဆိုခဲ့သောလျှောက်ထားမှုကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ ရပ်စဲလျှင်ဖြစ်စေ၊ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန်အလားအလာမရှိကြောင်းတွေ့ရှိလျှင်ဖြစ်စေ ပေါ်ပေါက်သော နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကိုပေးစေရန် အမိန့်ချမှတ်ပါက ထိုလျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူကြပါသည်။ သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျ လိုက်နာဆောင်ရွက် ပြေကျေအောင်ပြုလုပ်လျှင် ဤခံဝန်ချုပ် ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲအတိုင်း တည်စေ၍ ဆိုခဲ့သော လျော်ကြေးငွေ ..... ကိုဖြစ်စေ၊ တရားသူကြီးကပေးစေဟူသော ငွေ ..... ကိုဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သောရုံးတွင် ပေးသွင်းပါမည်။

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသောအားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

.....

..... ရှေ့တွင်

.....

..... က

လက်မှတ်ရေးထိုးသည်။

ရုံးတံဆိပ်

အာမခံသူတို့သည်
မျှဉ်းကြောင်းလက်ယာဘက်၌
လက်မှတ်ရေးထိုးရမည်။
သက်သေတို့သည်
လက်ဝဲဘက်၌
မိမိတို့မည်သူဖြစ်ကြောင်း
မှတ်ပုံတင်အမှတ်
အလုပ်အကိုင်၊ နေရပ်တို့ကို
ဖော်ပြရမည်။

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၄

ဘိလစ်မှတ်ပုံတင်စာရင်းစာအုပ်တွင်အမှတ် .....

ယာယီအရေးယူဆောင်ရွက်သည့်အမိန့်

[ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (က)]

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ **လျှောက်ထားခံရသူ**

(၁) လျှောက်ထားသူ
အမည်
(၂) ယခုအမှုတွင်
လျှောက်ထားသူက
တင်သွင်းသည့်
လျှောက်လွှာ
သို့မဟုတ်
ဤအမှုတွင်
တင်သွင်းသော
စာမှတ်စာတမ်းများ
သို့မဟုတ် တရားလို
ရေးသွင်းသည့် ချေလွှာ
(၃) ချမှတ်သည့်အမိန့်
(၄) တားဆီးအမိန့်
ချပေးရန်လျှောက်သည့်
အမှုနှင့်
စပ်လျဉ်း၍
တရားမကျင့်ထုံး
ဥပဒေပထမစာရင်း
နောက်ဆက်တွဲ
(၁)၌ပါသည့်
ပုံစံအမှတ် ၈

လျှောက်ထားသူ (၁) ..... က ဤရုံးတော်တွင် လျှောက်ထားရာ ၎င်းအမှုတွင် ၂၀ ..... ခုနှစ်၊ ..... လ ..... ရက်၌ (၂) .... ကို ဖတ်ရှု၍ ၎င်းအကြောင်းအရာတွင် လျှောက်လဲတင်ပြချက်တို့ကို ကြားနာပြီးလျှင် ဤရုံးတော်က အမိန့်ရှိသည်မှာ (၃) .... စေရန် လျှောက်ထားခံရသူသို့ (၄) ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ထုတ်လိုက်သည်။

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်

အမိန့်ဆင့်စာခလွတ်

ငွေ ..... ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၅

မူပိုင်ခွင့်ဆိုင်ရာလျှောက်ထားမှု မှတ်ပုံတင်စာအုပ်

..... တရားရုံးတော်၌ မှတ်ပုံတင်စာအုပ်

အမှတ်စဉ်	လျှောက်ထားသည့်နေ့စွဲ	လျှောက်ထားသူ	လျှောက်ထားခံရသူများ	ဥပဒေအမည်နှင့် တောင်းဆိုသော သက်သာခွင့်	သက်ဆိုင်ရာ ဌာန/ အေဂျင်စီ၏ အမိန့်ချသည့် နေ့စွဲ	သက်ဆိုင်ရာ ဌာန/ အေဂျင်စီ၏ အမိန့် အကျဉ်းချုပ်	မူပိုင်ခွင့် တရားရုံး၏ စီရင်ချက်	အယူခံ/ ပြင်ဆင်ရုံး စီရင်ချက်	တရားသူကြီး လက်မှတ်
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀

မူပိုင်ခွင့်ပုံစံ ၆

အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ပယ်ဖျက်ပေးရန်
မည်သည့်အကြောင်းကြောင့် ခွင့်မပြုသင့်ကြောင်းကို ပြဆိုစေခြင်းငှာ
အကြောင်းကြားစာ

(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၆)

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ　　**လျှောက်ထားခံရသူ**

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်စွဲပါ ..... တရားရုံးတော်မှ ..... ကို ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု။

လျှောက်ထားခံရသူ ..... သိစေရမည်။

ယခုအမှုတွင် ..... မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီက ချပေးသည့် ဆုံးဖြတ်ချက်ကို ..... က ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုလျှောက်ထားမှုကို ၂၀ ..... ခုနှစ်၊ ..... လ ..... ရက် (၁၃ ..... ခုနှစ်၊ ..... လ ..... ရက်) နေ့တွင် ကြားနာရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤလျှောက်ထားမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် ၎င်းလျှောက်ထားမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဖော်ပြပါလျှောက်ထားမှုကို ကန့်ကွက်လိုလျှင် ကြားနာရန် သတ်မှတ်ချိန်းဆိုသည့်နေ့ရက်မတိုင်မီ သင်က ကန့်ကွက်လိုကြောင်းဖြင့် ***ဤတရားရုံးတော်၌ ပြန်ကြားလွှာ(၂)စုံ တင်သွင်းရမည်။***

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်

ငွေ ..... ရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၆ (က)

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် ပြင်ဆင်ပယ်ဖျက်ပေးရန်
မည်သည့်အကြောင်းကြောင့် ခွင့်မပြုသင့်ကြောင်းကို ပြဆိုစေခြင်းငှာ
အကြောင်းကြားစာ

(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၂)

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ **လျှောက်ထားခံရသူ**

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်စွဲပါ ..... အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု။

လျှောက်ထားခံရသူ ..... သိစေရမည်။

ယခုအမှုတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် .... က ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုလျှောက်ထားမှုကို ၂၀ ..... ခုနှစ်၊ ..... လ ..... ရက် (၁၃ ..... ခုနှစ်၊ ..... လ ..... ရက်) တွင် ကြားနာရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤလျှောက်ထားမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် ၎င်းလျှောက်ထားမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဖော်ပြပါ လျှောက်ထားမှုကို ကန့်ကွက်လိုလျှင် ကြားနာရန် သတ်မှတ်ချိန်းဆိုသည့်နေ့ရက်မတိုင်မီ သင်က ကန့်ကွက်လိုကြောင်းဖြင့် ***ဤတရားရုံးတော်၌ ပြန်ကြားလွှာ(၂)စုံ တင်သွင်းရမည်။***

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်

ငွေ ..... ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၇

ပြန်ကြားလွှာ

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ　　လျှောက်ထားခံရသူများ

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ၏ (　　–　　– ၂၀　　) ရက်စွဲပါ ဆုံးဖြတ်ချက်အား

ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု

အထက်အမည်ပါ လျှောက်ထားခံရသူ ..... က အောက်ပါအတိုင်း ပြန်ကြားလွှာ တင်သွင်းအပ်ပါသည်။

အမှုအကျဉ်းချုပ်ဖော်ပြချက် .....

ပြန်ကြားထုချေလိုသည့်အချက် .....

အနှစ်ချုပ်ဖော်ပြချက် .....

သို့ဖြစ်ပါ၍ လျှောက်ထားသူ၏ လျှောက်ထားမှုအား ခွင့်မပြုသင့်ကြောင်း ပြန်ကြားတင်ပြအပ်ပါသည်။

လျှောက်ထားခံရသူ

ဝန်ခံချက်

ဤပြန်ကြားလွှာပါ အချက်အလက်များ၊ အကြောင်းခြင်းရာဖော်ပြချက်များ၊ ထုချေဆိုချက်အားလုံးသည် မိမိသိရှိသမျှ မှန်ကန်ပါကြောင်း (　　–　　– ၂၀　　) ရက်တွင် ..... မြို့၌ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

မူပိုင်ခွင့်ပုံစံ ၇ (က)

ပြန်ကြားလွှာ

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ　　လျှောက်ထားခံရသူများ

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ (　　–　　– ၂၀　　) ရက်စွဲပါ ဆိုင်းငံ့မိန့်အား

ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု

အထက်အမည်ပါ လျှောက်ထားခံရသူ ..... က အောက်ပါအတိုင်း ပြန်ကြားလွှာ တင်သွင်းအပ်ပါသည်။

အမှုအကျဉ်းချုပ်ဖော်ပြချက် .....

ပြန်ကြားထုချေလိုသည့်အချက် .....

အနှစ်ချုပ်ဖော်ပြချက် .....

သို့ဖြစ်ပါ၍ လျှောက်ထားသူ၏ လျှောက်ထားမှုအား ခွင့်မပြုသင့်ကြောင်း ပြန်ကြားတင်ပြအပ်ပါသည်။

လျှောက်ထားခံရသူ

ဝန်ခံချက်

ဤပြန်ကြားလွှာပါ အချက်အလက်များ၊ အကြောင်းခြင်းရာဖော်ပြချက်များ၊ ထုချေဆိုချက်အားလုံးသည် မိမိသိရှိသမျှ မှန်ကန်ပါကြောင်း (- - ၂၀) ရက်တွင် ..... မြို့၌ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

မူပိုင်ခွင့်ပုံစံ ၈

သက်သေခံပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ခြင်းနှင့် သက်ဆိုင်သည့် ခံဝန်ချုပ်

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .....(မူပိုင်ခွင့်)

..... ၏ သား/သမီးဖြစ်သူ ..... ရပ်နေ တရားလို/ လျှောက်ထားသူ၊ တရားပြိုင်/လျှောက်ထားခံရသူ ..... က တရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ဖြစ်စေ၊ တရားသူကြီးတာဝန်ပေးအပ်သူသို့ဖြစ်စေ ငွေကျပ် ..... ကို ပေးဆောင်ရန် ထိုတရားသူကြီးထံသို့ ခံဝန်သူတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ တရားလို/လျှောက်ထားသူ၊ တရားပြိုင်/လျှောက်ထားခံရသူက ၎င်းအမှုတွင် မူပိုင်ခွင့် ချိုးဖောက်ခြင်းနှင့်သက်ဆိုင်သည့် သို့မဟုတ် ဆက်နွယ်နေသည့် သက်သေခံပစ္စည်းများ (..... .....) အား တရားရုံးတော်က ညွှန်ကြားသည့်အတိုင်း ယိုယွင်းပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်းစေခြင်းမရှိစေရအောင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပါမည်။ အကယ်၍ ဖော်ပြပါ သက်သေခံပစ္စည်းတစ်စုံတစ်ရာသည် ပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်းသွားစေခြင်းတို့ ဖြစ်ပေါ်လာလျှင် ပေါ်ပေါက်သောနစ်နာမှုများတွက် သင့်လျော်သော လျော်ကြေးကိုပေးစေရန် အမိန့်ချမှတ်ပါက ထို ..... လျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူကြပါသည်။

သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျ လိုက်နာဆောင်ရွက်ကျေပြေအောင် ပြုလုပ်လျှင် ဤခံဝန်ချုပ်ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲအတိုင်းတည်စေ၍ ဆိုခဲ့သောလျော်ကြေးငွေ ..... ကိုဖြစ်စေ၊ တရားသူကြီးက ပေးစေဟူသော ငွေ ..... ကိုဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သော ရုံးတွင် ပေးသွင်းပါမည်။

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသောအားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

.....
..... ရှေ့တွင်
.....
..... က
လက်မှတ်ရေးထိုးသည်။

ရုံးတံဆိပ်

အာမခံသူတို့သည်
မျဉ်းကြောင်းလက်ယာဘက်၌
လက်မှတ်ရေးထိုးရမည်။
သက်သေတို့သည်
လက်ဝဲဘက်၌
မိမိတို့မည်သူဖြစ်ကြောင်း
မှတ်ပုံတင်အမှတ်
အလုပ်အကိုင်၊ နေရပ်တို့ကို
ဖော်ပြရမည်။

တရားသူကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၃ ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ တည်ဆဲနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်းကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ အကျုံးဝင်သည့် တည်ဆဲနိုင်ငံရေးပါတီ ၉၀ ပါတီအနက် သတ်မှတ်ကာလ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ အထိ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို အောက်ဖော်ပြပါ ပါတီ ၅၀ ပါတီက လျှောက်ထားခဲ့သည်-

စဉ်	ပါတီအမည်
(က)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(ခ)	မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)
(ဂ)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ
(ဃ)	ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]
(င)	ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ
(စ)	အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)
(ဆ)	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ
(ဇ)	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(စျ)	ရခိုင်ဦးဆောင်ပါတီ [Arakan Front Party (AFP)]
(ည)	ပြည်သူ့အင်အားပါတီ
(ဋ)	ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]

(၄) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)
[LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]

(၃) တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ
[TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]

(၀) ရှမ်းနီ (တိုင်းလျန်) သွေးစည်းညီညွတ်ရေးပါတီ
[Shan–Ni Solidarity Party (S.S.P)]

(၈) လူထုပါတီ (The Party for People)

(တ) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(ထ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
(United Nationalities Democracy Party)

(ဒ) ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ

(ဓ) ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)

(နဝ) မွန်ညီညွတ်ရေးပါတီ (Mon Unity Party)

(ပ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(Myanmar Farmers' Development Party)

(ဖ) ပြည်သူ့အလုပ်သမားပါတီ

(ဗ) အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(ဘ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ
[Democratic Party of National Politics (DNP)]

(မ) ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]

(ယ) ရခိုင်အမျိုးသားပါတီ (Arakan National Party)

(ရ) လူ့ဘောင်သစ်ပါတီ (NSP)

(လ) အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ

(ဝ) အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)

(သ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)

(ဟ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ
[National Democratic Force Party (NDF)]

(၆) ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)

(အ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ

(ကက) နာဂအမျိုးသားပါတီ [Naga National Party (NNP)]

(ခ ခ) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ
[THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) PARTY]

(ဂဂ) 'ဝ' အမျိုးသားပါတီ (WA NATIONAL PARTY)

(ဃဃ) ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)

(ငင) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ
(THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)

(စစ) ပြည်သူ့ပါတီ (People's Party)

(ဆဆ) မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ

(ဇဇ) အမျိုးသမီးပါတီ (မွန်)

(စျ စျ) မြိုတိုင်းရင်းသားပါတီ

(ညည) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)

(ဋ ဋ) ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
(Danu National Democracy Party)

(ဌ ဌ) ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)

(ဍ ဍ) ကရင်ပြည်သူ့ပါတီ (KPP)

(ဎ ဎ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)

(ဏဏ) မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)

(တတ) ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ

(ထထ) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ

၃။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၄၀ ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သဖြင့် ယင်းပါတီများကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်-

စဉ် ပါတီအမည်

(က) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(ခ) ဒီမိုကရက်တစ်ပါတီ (မြန်မာ)

(ဂ) ကယန်းအမျိုးသားပါတီ

(ဃ) တအောင်း (ပလောင်) အမျိုးသားပါတီ

(င) ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ

(စ) ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

(ဆ) ဝံသာနုဒီမိုကရက်တစ်ပါတီ

(ဇ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ
(National Democratic Party for Development)

(စျ) တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ
[Ethnic National Development Party (ENDP)]

(ည) ကမန်အမျိုးသားတိုးတက်ရေးပါတီ

(ङ) ဗမာပြည်သူ့ပါတီ (Bamar People's Party)

(ङ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(၃) မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

(ဃ) မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ

(ဏ) အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party)

(တ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

(ထ) အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ

(ဒ) အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party)

(ဓ) ထားဝယ်တိုင်းရင်းသားများပါတီ

(နဝ) ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)

(ပ) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ) ပါတီ

(ဖ) ခူမီး (ခမီး) အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY]

(ဗ) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

(ဘ) ကရင်အမျိုးသားပါတီ

(မ) မြိုအမျိုးသားဒီမိုကရေစီပါတီ

(ယ) လမ်းပြကြယ်ပါတီ

(ရ) ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ

(လ) လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ဝ) ခေတ်သစ်ပြည်ထောင်စုပါတီ

(သ) ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ

(ဟ) အမျိုးသားတိုးတက်ရေးပါတီ

(ဠ) ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ

(အ) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ကက) ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)

(ခခ) အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ၊ ပီ)
[National United Democratic Party (N.U.D.P)]

(ဂဂ) အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ
[The Yeomanry Development Party (YDP)]

(ဃဃ) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
(Chin National League For Democracy Party)

(ငင) ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]

(စစ) ကချင်အမျိုးသားပါတီ (Kachin National Party)

(ဆဆ) မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ
[Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် ပါတီ ၁၃ ပါတီမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	**ပါတီအမည်**
(က)	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ
(ခ)	ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party)
(ဂ)	ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ
(ဃ)	ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
(င)	ဝံသာနုပါတီ
(စ)	ဒီမိုကရက်တစ်ပါတီ
(ဆ)	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ
(ဇ)	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ
(စျ)	အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ
(ည)	ဒီမိုကရေစီပါတီ
(ဋ)	ခူမီးအမျိုးသားပါတီ
(ဌ)	ချင်းပြည်သူ့ပါတီ
(ဍ)	ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ

၅။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက် လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

၁။ မြန်မာနိုင်ငံတော်အတွင်း ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် "အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ" ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ကောင်စီသည် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဆပ်ကော်မတီများ ဖွဲ့စည်းလိုက်သည်-

(က) စီမံခန့်ခွဲရေးဆပ်ကော်မတီ၊

(ခ) ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊

(ဂ) သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၊

(ဃ) ဘဏ္ဍာရေးဆပ်ကော်မတီ။

စီမံခန့်ခွဲရေးဆပ်ကော်မတီ

၃။ စီမံခန့်ခွဲရေးဆပ်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဝန်ကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး	အဖွဲ့ဝင်
(ဆ)	ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဇ)	မြို့တော်ဝန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(စျ)	မြို့တော်ဝန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ည)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(ဋ)	ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန	အတွင်းရေးမှူး
(ဌ)	တပ်ဖွဲ့မှူး ယာဉ်ထိန်းရဲတပ်ဖွဲ့	တွဲဖက်အတွင်းရေးမှူး

၄။ စီမံခန့်ခွဲရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး/ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများကို လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ်ရန်နှင့် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ပါဝင်ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်းများ၏ တာဝန်များ သတ်မှတ်ပေးရန်၊

(ဂ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သော ငွေကြေးရန်ပုံငွေနှင့် လူစွမ်းအားအရင်းအမြစ်များရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်နှင့် ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်သွားရန်၊

(ဃ) လုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုအခြေအနေနှင့် အခက်အခဲများ အစီရင်ခံတင်ပြရန်၊

(င) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့်ပြီး စီမံကိန်းများခေတ်ကာလနှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲရန်၊

(စ) ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေး နည်းပညာဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ရန်နှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊

(ဆ) ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ သတ်မှတ်ချက်များ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်ရေးဆောင်ရွက်ရန်၊

(ဇ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအစရှိသည်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စျ) အများပြည်သူပို့ဆောင်ရေးစနစ် (Public Transport) လုံခြုံစိတ်ချရေး၊ အဆင့်မီ ကောင်းမွန်ရေးနှင့် မော်တော်ယာဉ်ထိန်းကျောင်းမှုစနစ် ခေတ်မီရေး ကြပ်မတ်တွန်းအားပေး ဆောင်ရွက်ရန်၊

(ည) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်နှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ကြပ်မတ်ခြင်းတို့ကို အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌကိုယ်စား ကြပ်မတ်ရန်၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ရန်ပုံငွေသုံးစွဲမှုအား ကြီးကြပ်ထိန်းသိမ်းရန်၊

(ဍ) အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများက တင်ပြလာသည့် ရန်ပုံငွေသုံးစွဲခွင့် အဆိုပြုချက်များအား စိစစ်ခြင်း၊ ကြပ်မတ်ခြင်း၊ ခွင့်ပြုခြင်းများဆောင်ရွက်ရန်၊

(ဎ) အထက်အပိုဒ်ခွဲ (ဍ) ပါ အဆိုပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ ကြပ်မတ်ခြင်း၊ ခွင့်ပြုခြင်းများအား ဘဏ္ဍာရေးဆပ်ကော်မတီသို့ အကြောင်းကြားခြင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌထံ တင်ပြမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ရန်။

ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ

၅။ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(စ)	မြို့တော်ဝန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဆ)	မြို့တော်ဝန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဇ)	အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စျ)	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး	အဖွဲ့ဝင်
(ည)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ဋ)	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန	အဖွဲ့ဝင်
(ဌ)	ညွှန်ကြားရေးမှူးချုပ် လမ်းဦးစီးဌာန	အဖွဲ့ဝင်
(ဍ)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အတွင်းရေးမှူး
(ဎ)	ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

၆။ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သည့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများကို လေ့ကျင့်ခြင်းနှင့် သင်ကြားခြင်းဆောင်ရွက်ရန်၊

(ခ) ပြည်သူလူထုအား ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရန်နှင့် ၎င်းလုပ်ငန်းများအပေါ်ကြီးကြပ်ရန်၊

(ဂ) ပညာပေးခြင်းလုပ်ငန်း ပိုမိုထိရောက်စေရေးအတွက် စစ်ဆေးအရေးယူခြင်းလုပ်ငန်းနှင့် တွဲဖက်အကောင်အထည်ဖော်ရန်၊

(ဃ) အခြေခံပညာကျောင်းများ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်ခန်းစာများ ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊

(င) ယာဉ်မောင်းများနှင့် လမ်းအသုံးပြုသူများ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ယာဉ်တိုက်မှုအမျိုးအစားအလိုက် စစ်ဆေးအရေးယူခြင်း၊ ပညာပေးခြင်း၊ စာရင်းကောက်ယူမှတ်တမ်းတင်ခြင်းများဆောင်ရွက်ရန်၊

(ဆ) ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ရန်၊

(ဇ) စစ်ဆေးအရေးယူမှုပြုလုပ်ရာတွင် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊

(စျ) ယာဉ်တိုက်ခိုက်မှုဖြစ်ပါက စနစ်တကျစုံစမ်းမှုများပြုလုပ်ရန်၊ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်ပွားသည့် စာရင်းဇယားများ၊ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန်၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီအတွက် ပြည့်စုံသော အချက်အလက်ရရှိရေး ပံ့ပိုးဆောင်ရွက်ရန်၊

(ည) စည်းကမ်းမလိုက်နာသော ယာဉ်များ၊ အနှေးယာဉ်များ၊ လမ်းအသုံးပြုသူများအား အရေးယူရန်၊

(ဋ) စစ်ဆေးအရေးယူခြင်းအတွက် ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ပူးပေါင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(ဌ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ စစ်ဆေးအရေးယူခြင်းကိစ္စရပ်များကို လိုအပ်သလိုကြီးကြပ်ရန်၊

(ဍ) ယာဉ်တိုက်ခိုက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းရေးဆောင်ရွက်ရန်။

သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ

၇။ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	အဖွဲ့ဝင်

(c) ဒုတိယမြို့တော်ဝန် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(စ) မြို့တော်ဝန် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဆ) မြို့တော်ဝန် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဇ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(စျ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လမ်းဦးစီးဌာန

(ဋ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကုသရေးဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အဆင့်မြင့်ပညာဦးစီးဌာန

၈။ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံ၏ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု အခြေအနေနှင့် အဆင့်အတန်း တိုးတက်လာစေရန် သုတေသနပြုခြင်းနှင့် သုံးသပ်အကြံပြုခြင်းများဆောင်ရွက်ရန်၊

(ခ) ယာဉ်အန္တရာယ်ဖြစ်လေ့ရှိသော Black Spot နေရာများအား မှတ်တမ်းတင်ပြီး ဘေးကင်းအောင် အမြန်ပြုပြင်မွမ်းမံစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ဂ) ယာဉ်တိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများတွက်ချက်မှတ်တမ်းတင်ရန်နှင့်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသို့ သုံးသပ်အကြံပြုရန်၊

(ဃ) ယာဉ်တိုက်ခိုက်မှုဆိုင်ရာသတင်းအချက်စနစ် (Accident Data System) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကွန်ပျူတာအခြေခံသုံး အချက်အလက် စုဆောင်းခြင်းစနစ် ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(c) လမ်းအန္တရာယ်ကင်းရှင်းရေးစိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) ဆောင်ရွက်ရန်၊

(စ) ယာဉ်သွားလာမှုဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ(Traffic Engineering Works) ကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) အများပြည်သူဘေးအန္တရာယ်ကင်းစေသည့်လမ်း၊ ဒီဇိုင်းများရေးဆွဲရန်နှင့် နိုင်ငံတကာအဆင့်မီ လုံခြုံစိတ်ချရသည့်လမ်းများ ဖြစ်လာစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံတကာနှင့် ဒေသတွင်းမှ ကျင့်သုံးသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စနစ်များ လေ့လာအကြံပြုရန်၊ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(စျ) လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် မီးအချက်ပြများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စံနှုန်း ကိုက်ညီရေးဆောင်ရွက်ရန်၊

(ည) လမ်းနှင့်ပတ်သက်သည့် အခြေခံအဆောက်အဦ (Road Infrastructure) များ စံချိန်စံညွှန်းနှင့် ကိုက်ညီရေးဆောင်ရွက်ရန်၊

(ဋ) အန္တရာယ်ကင်းရှင်းရေးသုတေသနလုပ်ငန်းကို ကျွမ်းကျင်သူ တစ်ဦးချင်းသော်လည်းကောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်း၍သော်လည်းကောင်း လုပ်ဆောင်ရန်၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှုကိစ္စရပ်များကို လေ့လာဆန်းစစ်ပြီး သုံးသပ်အကြံပြုရန်၊

(ဍ) ယာဉ်တိုက်မှုကြောင့် ထိခိုက်၊ ဒဏ်ရာရသူများအား အရေးပေါ်အကူအညီပေးရန်နှင့် ထိရောက်စွာ ဆေးဝါးကုသမှုပေးရန်၊

(ဎ) ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာ၌ ဆေးရုံသို့မရောက်မီ ရှေးဦးသူနာပြုစုခြင်းဖြင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှု လျော့နည်းစေရေး စီမံဆောင်ရွက်ရန်၊

